ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ(UNFC) ဥက္ကဋ္ဌမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတဦးသိန်းစိန်ထံသို့ အိတ်ဖွင့်ပေးစာ

စာအမှတ် - ၄၅ / န - ဗကဗ / ၂၀၁၅
ရက်စွဲ - ၂၀၁၅ ခုနှစ်၊ ဧပြီလ (၁၃) ရက်

သို့

ဦးသိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ

လေးစားအပ်ပါသောသမ္မတကြီးခင်ဗျား

နှစ်သစ်အခါသမယမှာ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာဆုမွန်ကောင်း ပို့သအပ်ပါသည်။

များမကြာမီက ပြီးဆုံးသွားခဲ့သော တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာညှိနှိုင်းရေးအဖွဲ့ (NCCT) နှင့် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) တို့၏ (၇)ကြိမ်မြောက် Single Text စာချုပ်မူကြမ်းဆွေးနွေးပွဲတွင် ရရှိခဲ့သောအတည်ပြုမူကြမ်းသည် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် ခြေလှမ်းအစ ရလဒ်ကောင်းတစ်ခုအဖြစ် ရှုမြင်ပါသည်။

အဆိုပါရလဒ်ကောင်းကို ဆက်လက်သယ်ဆောင်ပြီး တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ကြရန်အတွက် မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်မှုများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခြွင်းချက်မရှိ အမြန်ဆုံး ရပ်တန့်ပြီး သက်ဆိုင်ရာတိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများနှင့် ဈေ့စပ်ညှိနှိုင်းဆွေးနွေးခြင်းဖြင့် အဖြေရှာရန်လိုအပ်ပါကြောင်း အကြံပြုတိုက်တွန်းလိုပါသည်။

အထူးသဖြင့် ကိုကန့်ဒေသတွင် ဖြစ်ပေါ်နေသော လက်နက်ကိုင်ပဋိပက္ခသည် တိုင်းပြည်အတွက် လွန်စွာစိုးရိမ်ဖွယ်ရာ အနိဋ္ဌာရုံများပင် ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ရေးထိုးနိုင်ရန်အတွက် အဆိုပါပဋိပက္ခများက အနှောင့်အယှက် အဟန့်အတားသဖွယ်ဖြစ်လာနေပါသည်။ အမှန်စင်စစ် ကိုးကန့်လူမျိုးတို့သည် မြန်မာနိုင်ငံ၏တိုင်းရင်းသားလူမျိုးနွယ်စုတစ်ခုဖြစ်ပြီး ယခင်အစိုးရအဆက်ဆက်နှင့်လည်း ငြိမ်းချမ်းရေးရယူကာ အစိုးရနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာကောင်းများ ရှိခဲ့ကြပါသည်။ ကိုးကန့်ဒေသအတွင်း ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်နေသည့် ကိုးကန့်တပ်ဖွဲ့ (MNDAA) မှာ လက်ရှိတစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဖြစ်စဉ်တွင် ပါဝင်နေသည့် NCCT အဖွဲ့ဝင်တစ်ဖွဲ့ဖြစ်သကဲ့သို့ UNFC တပ်ပေါင်းစု၏ အဖွဲ့ဝင်တစ်ဖွဲ့လည်း ဖြစ်ပါသည်။

ထို့ကြောင့် သမ္မတကြီးဦးဆောင်အကောင်အထည်ဖော်နေသည့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ကိုးကန့်တပ်ဖွဲ့အပါအဝင် တခြားသောသက်ဆိုင်ရာ အဖွဲ့အစည်းများနှင့်အတူတကွ တွေ့ဆုံဆွေးနွေးခြင်းနည်းနာဖြင့် အဖြေရှာ၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးကို သမ္မတကြီး၏ စွမ်းပကားဖြင့် အမြန်ဆုံးဖော်ဆောင်ပေးစေလိုပါသည်။

သမ္မတကြီးခင်ဗျား

မြေပြင်တွင် ဖြစ်ပေါ်နေရသည့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများကြောင့် နှစ်ဘက်အသက်အိုးအိမ်စည်းစိမ် ဆုံးရှုံးနေရမှုများမှာလည်း နေ့စဉ်ရက်ဆက်ဆိုသလို ဖြစ်ပေါ်နေပါသည်။ ဤသည်တို့မှာ တိုင်းပြည်၏အဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုများလည်း ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ နောက်ခံအကြောင်းတရား မည်သို့ပင်ရှိစေကာမူ ပြည်ထောင်စုကြီး၏ အနာဂတ်နှင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို ရှေးရှုလျှက် စေ့စပ်ညှိနှိုင်းမှုနည်းနာဖြင့် အဖြေရှာရေးကို ကြိုးပမ်းပေးစေလိုပါသည်။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဖြစ်စဉ်တွင် အားလုံးပါဝင်မှုရှိပါမှ အဓိပ္ပါယ်ပြည့်ဝသော ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဖြစ်စဉ်မှသည် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးသို့ဦးတည်သည့် နိုင်ငံရေးဆွေးနွေးပွဲများဆီသို့ တက်လှမ်းနိုင်ရေး လက်ရှိထိုးစစ်ဆင်မှုများအားလုံးကို အမြန်ဆုံး ရပ်တန့်ပေးပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။

နှစ်သစ်မှာ အားလုံးချမ်းမြေ့သာယာရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျှက် -

NBanla
13/4/2015.

ဗိုလ်ချုပ်ကြီးအင်ဘန်လ
ဥက္ကဋ္ဌ
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ

မိတ္တူ

- တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
- ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)
- UNFC အဖွဲ့ဝင်များ